COMMITTEE REPRESENTING PYIDAUNGSU HLUTTAW

ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ

၂၀၂၃ ခုနှစ်၊ မတ်လ ၃၁ ရက်

သတင်းစဉ် အမှတ် (၇)

မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံတကာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့များနှင့် သီးခြားစီ တွေ့ဆုံဆွေးနွေး

ဘာရိန်းနိုင်ငံ၊ မနားမားမြို့၌ ကျင်းပလျက်ရှိသည့် (၁၄၆) ကြိမ်မြောက် နိုင်ငံတကာပါလီမန်များညီလာခံနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ခဲ့သည့် မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံတကာလွှတ်တော်ကိုယ်စားလှယ်များနှင့်သီးခြားစီတွေ့ဆုံ၍ အာဏာသိမ်းစစ်ကောင်စီက ကျူးလွန်လျက်ရှိသည့် အကြမ်းဖက်လုပ်ရပ်များနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများ၊ စစ်ရှောင်ပြည်သူများအတွက် အရေးပေါ်အကူအညီလိုအပ်နေမှုများ၊ မြန်မာလွှတ်တော်၏ ဒီမိုကရေစီပြန်လည်ရရှိရေး ကြိုးပမ်းမှုများနှင့် စိန်ခေါ်မှုများ၊ နှစ်ဘက်ပူးပေါင်းဆောင်ရွက်သွားမည့် ကဏ္ဍများကို ဆွေးနွေးဖလှယ်ခဲ့ကြသည်။ နယူးဇီလန်၊ ဩစတြေးလျ၊ ဩစတြီးယား၊ အင်ဒိုနီးရှား၊ လာအို၊ ထိုင်း၊ ယူကေ၊ ကိုရီးယား၊ ဂျာမနီ၊ ပြင်သစ်၊ ဆွီဒင်၊ အရှေ့တီမောတို့အပြင် IPU မှ တာဝန်ရှိသူများနှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့သည်။

အပြည့်အစုံကို အောက်ပါဝက်ဘ်ဆိုက်လင့်ခ်တွင် ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။

https://crphmyanmar.org/publications/delegation-of-myanmar-hluttaw-seperately-meet-with-international-mps/

- ကြေညာချက်များ
- သဝဏ်လွှာများ
- သတင်းထုတ်ပြန်ချက်များ
- ဝန်ကြီးဌာနများနှင့် တွေ့ဆုံမှုသတင်းများ
- စီဒီအမ်များနှင့် တွေ့ဆုံမှုသတင်းများ
- မိတ်ဖက်အဖွဲ့အစည်းများနှင့် တွေ့ဆုံမှုသတင်းများ
- နိုင်ငံတကာဆက်ဆံရေးကဏ္ဍ

ASEAN Parliamentarians for Human Rights (APHR) ၏ အစီရင်ခံစာ

အန္တရာယ်နှင့် ကြုံတွေ့နေရသော အရှေ့တောင်အာရှရှိ လွှတ်တော် ကိုယ်စားလှယ်များ၏ ဆိုးရွားသည့် အခြေအနေများနှင့်စပ်လျဉ်း၍ APHR ၏ အစီရင်ခံစာအား တင်ပြအပ်ပါသည်။

အပြည့်အစုံကို အောက်ပါဝက်ဘ်ဆိုက်လင့်ခ်တွင် ဝင်ရောက်ဖတ်ရှု နိုင်ပါ သည်။

https://crphmyanmar.org/publications/report-denounces-worsening-situation-of-parliamentarians-at-risk-in-southeast-asia/

မူရင်း အစီရင်ခံစာအား အောက်ပါလင့်ခ်တွင် ဖတ်ရှုနိုင်ပါသည်။

https://aseanmp.org/2023/03/04/new-report-denounces-the-worsening-situation-of-parliamentarians-at-risk-in-southeast-asia/

လွှတ်တော်လုပ်ငန်းများ ပိုမိုချိတ်ဆက်ဆောင်ရွက်နိုင်ရေးအတွက် တွေ့ဆုံဆွေးနွေး

ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH) နှင့် ချင်းပြည်နယ်လွှတ်တော်ကိုယ်စားပြုကော်မတီ (CRCH) တို့သည် ၂၀၂၃ ခုနှစ်၊ မတ်လ ၂၂ ရက်နေ့တွင် တွေ့ဆုံ၍ ချင်းပြည်နယ်၏ လက်ရှိ နိုင်ငံရေး အခြေအနေများ၊ မြေပြင်အခြေအနေများ၊ အဖွဲ့အစည်းဆိုင်ရာ ကိစ္စရပ်များ၊ လွှတ်တော်အခန်းကဏ္ဍတွင် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များနှင့် NDAA ဘတ်ဂျက်ဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

အပြည့်အစုံကို အောက်ပါဝက်ဘ်ဆိုက်လင့်ခ်တွင် ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။

https://crphmyanmar.org/publications/meeting-and-discussion-of-crph-and-crch/



ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ ဥက္ကဋ္ဌ ဦးအောင်ကြည်ညွန့် ပြောကြားခဲ့သည့် မိန့်ခွန်း

၃၁-၃-၂၀၂၃ ရက်နေ့၊ နံနက် ၉ နာရီအချိန်တွင် ကျင်းပခဲ့သည့် ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်(၂)နှစ်ပြည့်အခမ်းအနားသို့ ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီဥက္ကဋ္ဌ ဦးအောင်ကြည်ညွန့် က တက်ရောက် ၍ မိန့်ခွန်း ပြောကြားခဲ့သည်။

မိန့်ခွန်းအပြည့်အစုံအား အောက်ပါဝက်ဘ်ဆိုက်လင့်ခ်တွင် ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။

https://crphmyanmar.org/publications/chair-speech-delivered-at-2nd-year-of-fdc-ceremony/

တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ပညာရေးဘုတ်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေး

ပညာရေးကော်မတီသည် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် ကိုယ်စားပြုကော်မတီ၊ တနင်္သာရီတိုင်း၊ မြို့နယ်ပညာရေး ဘုတ်အဖွဲ့ များနှင့် တွေ့ဆုံ၍ ဘုတ်အဖွဲ့များ၏ ဆောင်ရွက်နေမှုအခြေအနေများ၊ အခက်အခဲများနှင့် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် ကိုယ်စားပြု ကော်မတီတွင် ပညာရေးကော်မတီအား ဖွဲ့စည်းနိုင်ရေး၊ စာသင်ကြား ပေးနေကြသော ပညာရေးဝန်ထမ်းများအတွက် လစဉ်ချီးမြှင့်ငွေ ပေးအပ် နိုင်ရေးတို့အပါအဝင် ဖက်ဒရယ်ပညာရေးစနစ် ဖော်ဆောင်ရေးတို့တွင် အတူတကွ ပူးပေါင်းဆောင်ရွက်သွားရန် ဆွေးနွေးခဲ့ကြပါသည်။

အပြည့်အစုံကို အောက်ပါဝက်ဘ်ဆိုက်လင့်ခ်တွင် ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။

https://crphmyanmar.org/publications/meeting-and-discussion-of-education-committee-and-boe-tanintharyi/



လုံခြုံရေးနှင့်ကာကွယ်ရေးဆိုင်ရာကိစ္စရပ်များ ထိရောက်အောင်မြင်စေရေးအတွက် တွေ့ဆုံဆွေးနွေး

၂၂-၃-၂၀၂၃ ရက်နေ့၊ ၁၅၀၀ နာရီတွင် CRPH ၏ လုံခြုံရေးနှင့်ကာကွယ်ရေးဆိုင်ရာကော်မတီသည် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားပြုကော်မတီ (CRSH)၊ မန္တလေးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားပြုကော်မတီ (CRMH) တို့မှ လုံခြုံရေးနှင့်ကာကွယ်ရေးဆိုင်ရာကော်မတီဝင်များနှင့်တွေ့ဆုံ၍ NUG မှ ချမှတ်ထားသည့် One Year Plan အရ မြန်မာနိုင်ငံတစ်ဝှမ်း ဆောင်ရွက်လျက်ရှိသော အခြေအနေများ၊ ကြုံတွေ့နေရသော စိန်ခေါ်မှုများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်နေမှု အနေအထားများ၊ သတိထားဆောင်ရွက်ရမည့်အချက်များ၊ ရှေ့ဆက်ဆောင်ရွက်ရမည့် ကော်မတီလုပ်ငန်းစဉ်များနှင့် သက်ဆိုင်ရာ ပြည်နယ်၊ တိုင်းဒေသကြီးများအတွင်းရှိ လုံခြုံရေးနှင့်ကာကွယ်ရေးဆိုင်ရာကိစ္စရပ်များကို အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

အပြည့်အစုံကို အောက်ပါဝက်ဘ်ဆိုက်လင့်ခ်တွင် ဝင်ရောက်ဖတ်ရှု နိုင်ပါသည်။

https://crphmyanmar.org/publications/meeting-and-discussion-of-security-n-defense-committees-of-crph-crsh-crmh/

ပညာရေးကော်မတီနှင့် ဥပဒေရေးရာကော်မတီတို့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ်

ပညာရေးကော်မတီနှင့် ဥပဒေရေးရာကော်မတီတို့သည် ၂၀၂၃ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့တွင် ဗီဒီယိုကွန်ဖရင့်မှတစ်ဆင့် တွေ့ဆုံ၍ ပညာရေးဘုတ်အဖွဲ့များနှင့် တွေ့ဆုံခဲ့သည့် ရလဒ်များအပေါ် ဆက်လက်ဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတစ်ရပ်အား ကျင်းပပြုလုပ်ခဲ့သည်။

အပြည့်အစုံကို အောက်ပါဝက်ဘ်ဆိုက်လင့်ခ်တွင် ဝင်ရောက် ဖတ်ရှု နိုင်ပါသည်။

https://crphmyanmar.org/publications/meeting-and-discussion-of-education-comittee-and-legal-affairs-committee/

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ပညာရေးဘုတ်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေး

ပညာရေးကော်မတီသည် ၂၅-၃-၂၀၂၃ ရက်နေ့တွင် ပညာရေးကဏ္ဍနှင့်စပ်လျဉ်း၍ ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် ကိုယ်စားပြုကော်မတီ၊ ဧရာဝတီတိုင်းဒေသကြီးရှိ မြို့နယ်ပညာရေး ဘုတ်အဖွဲ့များနှင့် ဗီဒီယိုကွန်ဖရင့်မှတစ်ဆင့် တွေ့ဆုံ၍ မြေပြင်တွင် ဆောင်ရွက်နေသည့် အခြေအနေများ၊ ကြုံတွေ့နေရသည့် အခက်အခဲများ၊ ဖမ်းဆီးခံ၊ အရေးပေါ် အကူအညီလိုအပ်နေသည့် CDM ဆရာ၊ ဆရာမများအတွက် ချိတ်ဆက်နိုင်မည့်အဆက်အသွယ်များနှင့် ရှေ့ဆက်ပူးပေါင်းဆောင်ရွက်နိုင်မည့် အစီအစဉ်များကို ဆွေးနွေးခဲ့သည်။

အပြည့်အစုံကို အောက်ပါဝက်ဘ်ဆိုက်လင့်ခ်တွင် ဝင်ရောက်ဖတ်ရှု နိုင်ပါသည်။

https://crphmyanmar.org/publications/meeting-and-discussion-of-education-committee-and-boes-ayeyawady/

အလုပ်သမားရေးရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေး တွေ့ဆုံဆွေးနွေး

ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီရှိ အလုပ်သမားရေးရာ ကော်မတီဝင်များသည် ၂၈-၃-၂၀၂၃ ရက်နေ့တွင် အမျိုးသား ညီညွတ်ရေးအစိုးရ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ပြည်တွင်းပြည်ပရှိ စစ်ဘေးရှောင် ပြည်သူများ၊ CDM များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန်နှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများ ပြုလုပ်ပေးနိုင်ရန်တို့အတွက် ဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့် ရှေ့ဆက် ပူးပေါင်းဆောင်ရွက်နိုင်မည့်လုပ်ငန်းစဉ်များကိုဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

အပြည့်အစုံကို အောက်ပါဝက်ဘ်ဆိုက်လင့်ခ်တွင် ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။

https://crphmyanmar.org/publications/meeting-and-discussion-of-labor-committee-and-moc/





ပညာရေးကဏ္ဍအတွက် ကြားကာလဖက်ဒရယ်ပညာရေးကောင်စီ အမြန်ဆုံးဖွဲ့စည်းနိုင်ရေး တွေ့ဆုံဆွေးနွေး

ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ(CRPH)၊ NUCC ရေးရာကော်မတီဝင်များ၊ ကောင်စီဝင်များ၊ JCC Educationမှ ကိုယ်စားပြု အဖွဲ့ဝင် (၂) ဦးနှင့် အမျိုးသားညီညွတ်ရေးအစိုးရ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများသည် ကြားကာလဖက်ဒရယ်ပညာရေးကောင်စီ အမြန်ဆုံးဖွဲ့စည်းနိုင်ရေးအတွက် ဝန်ကြီးဌာန၏ ဆောင်ရွက်ထားရှိမှုများနှင့် ရှေ့ဆက်လုပ်ဆောင်မည့်အခြေအနေများနှင့်စပ်လျဉ်း၍ ၃၀-၃-၂၀၂၃ ရက်နေ့တွင် ဗီဒီယိုကွန်ဖရင့်မှတစ်ဆင့် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

အပြည့်အစုံကို အောက်ပါဝက်ဘ်ဆိုက်လင့်ခ်တွင် ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။

https://crphmyanmar.org/publications/meeting-and-discussion-of-nucc-affairs-committee-and-nug-moe/

(၃၅) နှစ်မြောက် ချင်းတော်လှန်ရေးနေ့သို့ ပေးပို့သည့်သဝဏ်လွှာ



CRPH

ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ

office@crphmyanmar.org

ရက်စွဲ။ ၂၀၂၃ ခုနှစ်၊ မတ်လ ၂၀ ရက်

(၃၅)နှစ်မြောက် ချင်းတော်လှန်ရေးနေ့သို့ ပေးပို့သည့် သဝဏ်လွှာ

၁။ ယနေ့ကျရောက်သည့် (၃၅)နှစ်မြောက် ချင်းတော်လှန်ရေးနေ့တွင် ချင်းတိုင်းရင်းသား ညီအစ်ကိုမောင်နှမများနှင့်တကွ ပြည်သူများအားလုံး၏ မဆုတ်မနစ် ဖွဲသတ္တိကြီးမားစွာဖြင့် မတူကွဲပြားမှုများအား တူညီခွန်အားအဖြစ် အသုံးချ၍ အနာဂတ်ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတော်သစ်သို့ လျှောက်လှမ်းရာ ခရီးလမ်းတွင် အာဏာရှင်စနစ် ချုပ်ငြိမ်းရေးအတွက် မိမိတို့၏ တည်ကြည်ခိုင်မာသော ယုံကြည်ချက်အား အမြန်ဆုံးအကောင်အထည်ဖော်ဆောင်နိုင်ပါစေကြောင်း ဆုတောင်းစကား ပါးအပ်ပါသည်။

၂။ ချင်းတိုင်းရင်းသားများသည် စုံလင်သော လူမျိုးစုများစွာဖြင့် စုစည်းတည်ရှိခဲ့ကြပြီး အမျိုးသားရေးစိတ်ဓာတ်ပြင်းထန်ကာ သမိုင်းတစ်လျှောက်တွင် သူ့ကျွန်မခံလိုစိတ်၊ နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်များ ပြည့်ဝသည့် လူမျိုးများအဖြစ် မှတ်တမ်းတင်နိုင်ခဲ့ပါသည်။ အမျိုးသားတန်းတူညီမျှမှု၊ လွတ်လပ်ခွင့်နှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တို့အတွက် အာဏာရှင်အဆက်ဆက်အား ခုခံတွန်းလှန်ရင်းဖြင့် ၁၉၈၈ ခုနှစ်၊ မတ်လ (၂၀) ရက်နေ့တွင် ချင်းအမျိုးသားတပ်ဦးကို ဖွဲ့စည်း၍ တော်လှန်စစ်ကို ညီညွတ်စွာ စတင်ခဲ့သည်မှာ ယနေ့ (၃၅) နှစ် တိုင်ခဲ့ပြီ ဖြစ်ပါသည်။

၃။ ခေတ်အဆက်ဆက် နှစ်ပေါင်းများစွာကြာ အာဏာရှင်စနစ်ဆိုးအား ဆန့်ကျင်ရန် တော်လှန်ရေးတိုက်ပွဲများတွင်သာမက ယခု နွေဦးတော်လှန်ရေးတပ်ဦးတွင် ကဏ္ဍအသီးသီး၌ တက်ကြွစွာ စုစည်းလှုပ်ရှားပါဝင်ခဲ့ကြသည့် သွေးချင်းညီနောင် ချင်းတော်လှန်ရေး ခေါင်းဆောင်ကြီးများ၊ ချင်းမျိုးချစ်ကျောင်းသားလူငယ်များ၊ မတူညီသော နေရာဒေသများတွင် မှီတင်းနေထိုင်နေကြသော ချင်းတိုင်းရင်းသားများအားလုံး၏ ခိုင်မာတည်ကြည်သော တော်လှန်ရေးစိတ်ဓာတ်အား၊



၂

ဒီမိုကရေစီလူထုလှုပ်ရှားမှုအင်အားနှင့် ကိုယ်ကျိုးစွန့် အသက်ပေးတာဝန်ထမ်းဆောင်မှု ခွန်အားတို့သည် လွန်စွာ ဂုဏ်ယူထိုက်သည်ကို ဖော်ပြလိုပါသည်။

၄။ ချင်းတိုင်းရင်းသား ပြည်သူပြည်သားများအပါအဝင် မိမိတို့ဒီမိုကရေစီ တော်လှန်ရေး အင်အားစုအားလုံး၏ ခိုင်မာသောစည်းလုံးညီညွတ်မှုခွန်အားဖြင့် ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ အတူတကွလျှောက်လှမ်းနိုင်မည့် ဤနွေဦးတော်လှန်ရေးအောင်ပွဲအား အခက်အခဲ အတားအဆီးများကြားမှ ရင်ဆိုင်ကျော်ဖြတ်နိုင်မည်ဟု လေးနက်စွာယုံကြည်လျက် **(၃၅) နှစ်မြောက် ချင်းတော်လှန်ရေးနေ့သဝဏ်လွှာ** အား ဂုဏ်ယူစွာ ပေးပို့အပ်ပါသည်။

ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ

(၇၈) နှစ်မြောက် ဖက်ဆစ်တော်လှန်ရေးနေ့သို့ပေးပို့သည့်သဝဏ်လွှာ

ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ
office@crphmyanmar.org

ရက်စွဲ။ ၂၀၂၃ ခုနှစ်၊ မတ်လ ၂၇ ရက်

(၇၈)နှစ်မြောက် ဖက်ဆစ်တော်လှန်ရေးနေ့သို့ ပေးပို့သည့် သဝဏ်လွှာ

၁။ ယနေ့ကျရောက်သည့် (၇၈) နှစ်မြောက် ဖက်ဆစ်တော်လှန်ရေးနေ့တွင် လွတ်လပ်ရေး ရရှိရန်အတွက် နယ်ချဲ့ဖက်ဆစ်များကို တွန်းလှန်တိုက်ထုတ်ရာတွင်လည်းကောင်း၊ ခေတ်အဆက်ဆက် ပြည်သူလူထုအား လက်နက်အားကိုးဖြင့် ဖိနှိပ်အုပ်ချုပ်ရန် ကြိုးပမ်းခဲ့ကြသည့် စစ်အာဏာရှင်အဆက်ဆက်ကိုလည်းကောင်း အသက်၊ သွေး၊ ချွေး တို့ ပေးဆပ်၍ ရရာလက်နက် ဆွဲကိုင်ကာ ရဲရဲဝံ့ဝံ့ တိုက်ပွဲဝင်ခဲ့ကြပါသော တော်လှန်ရေးခေါင်းဆောင်များနှင့် သူရဲကောင်းများအား အထူးအောက်မေ့သတိရဂုဏ်ပြုလျက် ယနေ့အချိန်တွင် တိုင်းရင်းသားပြည်သူအားလုံးက ရည်မှန်း ကြိုးပမ်းနေသည့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကို အမြန်ဆုံးရယူတည်ဆောက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

၂။ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော ဗမာ့တပ်မတော်၊ နိုင်ငံရေးအင်အားစုများနှင့် တိုင်းရင်းသားပြည်သူများက ဖက်ဆစ်ဂျပန်တို့ကို တော်လှန်တိုက်ထုတ်ခဲ့ကြပြီးနောက် တော်လှန်ရေး သူရဲကောင်းများအား ဂုဏ်ပြုသောအားဖြင့် ၁၉၄၅ ခုနှစ်မှ စတင်၍ တော်လှန်ရေးနေ့ကို ကျင်းပခဲ့ကြပါသော်လည်း ၁၉၅၅ ခုနှစ်တွင် စစ်အာဏာရှင်များက ပြည်သူလူထုပါဝင်မှုသမိုင်းကို မေးမှိန်စေရန်ရည်ရွယ်၍ တပ်မတော်နေ့အဖြစ် ပုံဖျက်သတ်မှတ်ခဲ့ကြပါသည်။ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန် ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းတည်ထောင်ခဲ့သည့် ဗမာ့တပ်မတော်သည် စစ်အာဏာရှင်တစ်စု၏ အသုံးချခံ အဖွဲ့အစည်းတစ်ခုအဖြစ် ရောက်ရှိခဲ့ချိန်မှစ၍ နိုင်ငံတော်၏အာဏာကို အဓမ္မနည်းဖြင့် အကြိမ်ကြိမ်သိမ်းယူခဲ့ကာ တိုင်းပြည်နှင့်လူမျိုးအပေါ် ဗိုလ်ကျစိုးမိုး၊ ဖိနှိပ်အုပ်ချုပ်ရန် ကြိုးစားခဲ့ခြင်းတို့ကြောင့် ဖွံ့ဖြိုးမှုအနိမ့်ကျဆုံးသော နိုင်ငံအဖြစ် ရောက်ရှိခဲ့ရပါသည်။

၂

၃။ လူသတ်ခေါင်းဆောင်မင်းအောင်လှိုင်နှင့် စစ်အာဏာရှင်လူတစ်စု ဦးဆောင်သည့် အကြမ်းဖက် ဖက်ဆစ်စစ်တပ်၏ ဥပဒေမဲ့အာဏာသိမ်းယူရန် ကြိုးပမ်းမှု (၂) နှစ်ကျော်ကာလသို့ ရောက်လာပြီဖြစ်သည့်အပြင် နိုင်ငံတစ်ဝှမ်းလုံးတွင် ဥပဒေမဲ့ဖမ်းဆီးနှိပ်စက်သတ်ဖြတ်ခြင်း၊ အကျဉ်းချထားခြင်း၊ လူနေအိမ်များအား မတရားသိမ်းပိုက်ခြင်း၊ ကျေးရွာ၊ မြို့များအား မီးရှို့ဖျက်ဆီးခြင်းများနှင့် အရပ်သားပြည်သူနေရာများသို့ လေကြောင်းမှတစ်ဆင့် ပစ်မှတ်ထား ဗုံးကြဲတိုက်ခိုက်ခြင်းတို့ကို စနစ်တကျရည်ရွယ်ချက်ရှိရှိ ပိုမိုကျူးလွန်လုပ်ဆောင်နေပြီး ပြည်သူတို့၏ ခုခံဆန့်ကျင်မှုကို လူမဆန်သော အကြမ်းဖက်မှုများဖြင့် ရပ်တန့်သွားစေရန် ကြိုးပမ်းလျက်ရှိပါသည်။

၄။ သို့ရာတွင် နယ်ချဲ့ဖက်ဆစ်များအား ညီညွတ်ခြင်းအင်အားဖြင့် တွန်းလှန်တိုက်ထုတ် အောင်ပွဲဆင်နိုင်သကဲ့သို့ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ကြံ့ခိုင်စည်းလုံးမှုအင်အားကို ခိုင်မြဲသထက် ခိုင်မြဲအောင် တည်ဆောက်လျက် အကြမ်းဖက် ဖက်ဆစ်စစ်တပ်အား မြန်မာ့မြေပေါ်မှ အပြီးတိုင်ကွယ်ပျောက်သွားစေရန် တစိုက်မတ်မတ် ကြိုးပမ်းနေမှုများကြောင့် နိုင်ငံတစ်ဝှမ်း ခုခံတော်လှန်စစ်များသည်လည်း အောင်ပွဲများစွာရရှိထားပြီးဖြစ်ပါသည်။ အမျိုးသားညီညွတ်ရေးအစိုးရ၊ တိုင်းရင်းသားတော်လှန်ရေးအင်အားစုများ၊ ပြည်သူ့တော်လှန်ရေးတပ်ဖွဲ့များအကြား ဟန်ချက်ညီသော ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် လူထုတော်လှန်ရေးအောင်ပွဲအား အမြန်ဆုံးရရှိရန် ကြိုးပမ်းနိုင်လိမ့်မည်ဟု အကြွင်းမဲ့ယုံကြည်ပါသည်။

၅။ ခက်ခဲကြမ်းတမ်းသောဒုက္ခများကို မြဲမြံသော ဓိတ်ခွတ်ခိုင်မာမှုတို့ဖြင့် ယနေ့အထိတိုင် ပါဝင်နေကြသည့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ မျှော်လင့်ချက်အား အချိန်တိုတိုအတွင်း အကောင်အထည်ဖော်ဆောင်ပေးနိုင်ရန်အတွက် တည်ဆောက်ထားရှိပြီးသောနားလည်မှု၊ ပူးပေါင်းဆောင်ရွက်မှုတို့ကို တိုးမြှင့်ကာ မိမိတို့ဒီမိုကရေစီတော်လှန်ရေးအင်အားစုများက ဆက်လက်ကြိုးပမ်းပေးကြရန် လေးနက်စွာတိုက်တွန်းအပ်ပါသည်။ မိမိတို့ ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီအနေဖြင့် လူထုတော်လှန်ရေးအောင်ပွဲအတွက် မိမိတို့၏ ကျရာအခန်းကဏ္ဍမှ တာဝန်ကျေပွန်အောင် ထမ်းဆောင်ရင်း ညီနောင်တော်လှန်ရေးအင်အားစုအားလုံးနှင့်အတူ ဆက်လက်လက်တွဲ ကြိုးပမ်းသွားမည်ဖြစ်ပါကြောင်း ကတိပြုလျက် **ဤ(၇၈)နှစ်မြောက် ဖက်ဆစ်တော်လှန်ရေးနေ့** သဝဏ်လွှာအား ပေးပို့အပ်ပါသည်။

ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ

ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ် (၂) နှစ်ပြည့် အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ

ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ
office@crphmyanmar.org

ရက်စွဲ။ ၂၀၂၃ ခုနှစ်၊ မတ်လ ၃၁ ရက်

ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ် (၂) နှစ်ပြည့် အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ

၁။ နွေဦးတော်လှန်ရေးနှင့်အတူ စတင်မွေးဖွားလာသည့် ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်သည် ယနေ့တွင် (၂) နှစ်ပြည့်မြောက်ခဲ့ပြီ ဖြစ်ပါသည်။ ငြိမ်းချမ်းစွာ လူထုဆန္ဒပြမှုများ၊ အကြမ်းမဖက် အာဏာဖီဆန်လှုပ်ရှားမှုတို့ဖြင့် စတင်ခဲ့သည့် နွေဦးတော်လှန်ရေး၏ အစောဆုံးကာလအချိန်တွင် ပဋိညာဉ်ကို ထုတ်ပြန်ကြေညာနိုင်ခဲ့ခြင်းသည် စစ်အာဏာသိမ်းမှုအပေါ် ပြည်သူတို့၏ ဆန့်ကျင်ခုခံမှုနှင့် နိုင်ငံတော်ကို ပြန်လည်တည်ဆောက်ရန် ကြိုးပမ်းအားထုတ်မှုများအတွက် ခြေလှမ်းသစ်တစ်ရပ် ဖြစ်ခဲ့ပါသည်။

၂။ ခေတ်အဆက်ဆက် နိုင်ငံအား လက်နက်အားကိုးဖြင့် အုပ်ချုပ်ရန်ကြိုးပမ်းခဲ့ကြသည့် စစ်အာဏာရှင်တို့သည် ၁၉၇၄ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် တစ်ပါတီစနစ်ကို ကျင့်သုံးခြင်းဖြင့်သော်လည်းကောင်း၊ ၎င်းတို့အလိုကျ ရေးဆွဲထားသည့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် လွှတ်တော်အတွင်း ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များ၏ ၂၅ ရာခိုင်နှုန်းကို စစ်တပ်က ရယူထားခြင်းဖြင့်သော်လည်းကောင်း နိုင်ငံ၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး ကဏ္ဍများတွင် ပါဝင်နေရာယူခဲ့ကြသည့်အတွက် တိုင်းရင်းသား ပြည်သူများအားလုံး တစ်ညီတစ်ညွတ်တည်း တောင်းဆိုနေကြသည့် ပင်လုံစာချုပ်ကို အခြေခံသော ဖက်ဒရယ်ပြည်ထောင်စုစနစ်မှာ သွေဖည်နေခဲ့ရပြီး နိုင်ငံအတွင်း ပြည်တွင်းစစ်မီးကို နှစ် (၇၀) ကျော်ကြာအောင် ခံစားခဲ့ရပါသည်။

၃။ ယနေ့ကြုံတွေ့နေရသည့် နိုင်ငံရေးပြဿနာများ၏ ထွက်ပေါက်သည် လူနည်းစုများအပါအဝင် တိုင်းရင်းသားလူမျိုးအားလုံးပါဝင်နိုင်မည့် စစ်မှန်သည့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းပင် ဖြစ်ပါသည်။ ပြည်ထောင်စုလွှတ်တော်

၂

ကိုယ်စားပြုကော်မတီသည် မိမိတို့နိုင်ငံ၌ စစ်အာဏာရှင်အားလုံး အပြီးတိုင် ချုပ်ငြိမ်းစေရန်နှင့် ပြည်သူတစ်ရပ်လုံးအတွက် ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်သွားနိုင်ရန် နိုင်ငံရေးရည်မှန်းချက် (၄) ရပ်ကို ထုတ်ပြန်ကြေညာခဲ့သည့်အပြင် ၂၀၂၁ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် စစ်အာဏာရှင်များအလိုကျ ရေးဆွဲခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ကို အပြီးသတ်ဖျက်သိမ်းကြောင်း ကြေညာချက်အမှတ် (၂၀/၂၀၂၁) အား ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

၄။ အကြမ်းဖက်စစ်ကောင်စီက သာလွန်လက်နက်အင်အားနှင့် လူမဆန်သော အကြမ်းဖက်မှုများဖြင့် ဖိနှိပ်နေသော်လည်း ပြည်တွင်းပြည်ပမှ ပြည်သူလူထုက ထောက်ခံအားပေး ပါဝင်နေမှုနှင့်အတူ တပ်ဦးတော်လှန်ရေးအင်အားစုများ၏ ကြိုးပမ်းမှုများကြောင့် ယနေ့ စစ်အာဏာသိမ်းမှု (၂)နှစ်ကျော်ကာလသို့ ရောက်ရှိလာချိန်အထိ အုပ်ချုပ်ခွင့်မရှိနေခြင်းပင်ဖြစ်ပါသည်။ သို့သော် မြန်မာနိုင်ငံတစ်ဝှမ်း ဆိုးရွားလာသော အကြမ်းဖက်မှုများနှင့်အတူ တိုင်းရင်းသားပြည်သူအများစုသည် ဒုက္ခပေါင်းစုံကို ခါးသီးစွာခံစားနေရပြီး ပြည်သူတို့၏ ခံစားနေရမှုများကို အမြန်ဆုံးအဆုံးသတ်ပေးရန် ယခုထက် ပိုမိုစည်းလုံးညီညွတ်ခြင်း၊ အပြန်အလှန်နားလည်မှုပေးခြင်း၊ သဘောထားကြီးခြင်းတို့ဖြင့် ဆက်လက်လျှောက်လှမ်းသွားရန် အထူးလိုအပ်ကြောင်းကိုလည်း လေးလေးနက်နက် သတိပေးနှိုးဆော်အပ်ပါသည်။

၅။ ပြည်သူလူထုက ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်ထားသည့် ၂၀၂၀ ပြည့် နှစ်၊ ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်များက ဖွဲ့စည်းတာဝန်ပေးအပ်ထားသည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီအနေဖြင့် ပြည်သူနှင့်အတူ စစ်အာဏာရှင်ကို ဆန့်ကျင်နေကြသည့် ဒီမိုကရေစီ တော်လှန်ရေးအင်အားစုများနှင့်အတူ ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်မှတစ်ဆင့် အသွင်ကူးပြောင်းရေးကာလဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရေးနှင့် အနာဂတ်ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေး လုပ်ငန်းစဉ်များကို ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပြီး ပြည်သူများမျှော်လင့်ကြိုးပမ်းနေကြသည့် အနာဂတ်ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတော်အား တည်ဆောက်နိုင်ရေး ဆက်လက်ကြိုးပမ်းသွားမည် ဖြစ်ပါကြောင်း ကတိသစ္စာပြုလျက် ဤသဝဏ်လွှာအား ပေးပို့အပ်ပါသည်။

ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ